“သမရိုးကျ”

အိမ်ပြန်လာတဲ့ ညတည
ကားထဲမှာ နွေးထွေးစွာ
Ed Sheeran သီချင်း နားဆင်ရင်း
မြက်ခင်းပေါ်မှာ အချစ်နဲ့အတူ
ပွေ့ဖက်ရင်း ကခဲ့ကြပုံ
ငယ်စဉ်က ဖတ်ဖူးခဲ့တဲ့
အချစ်ဝတ္ထုတွေထဲကအတိုင်း
အပွေ့အဖက်လေးများ
ဆယ်စုနှစ် တနှစ်စာ
ဝေးခဲ့ပြီ ။

သီချင်းလေးကုန်ဆုံးတော့
ကားသော့ကိုပိတ်ရင်း
အပြင်ဖက်ကို ခြေလှမ်းခဲ့ ။

အလို....
မြေတပြင်လုံး ဖွေးဖွေးဖြူ
နှင်းမိုးတွေရွာသွန်းလို့ ။

အထုတ်လေးတွေ လက်ကဆွဲ
စားစရာများအပါအဝင်
အိမ်တခါးဝအရောက်
နှင်းစိုရွဲလမ်းလေးပေါ်
အပြေးလေးလှမ်းခဲ့လေရဲ့ ။

ရုတ်တရက် သတိရမိ
လက်ထဲမှာ အိမ်သော့မရှိ
ပိုက်ဆံအိတ်မွှေနှောက်တော့
မိတ်ကပ်ဘောပင်
စာရွက်ပြည့်စာအိတ်ဖောင်း
ဆေး၊ ခရစ်ဒစ်ကဒ်
အပ်နဲ့ အပ်ချည်တောင်ပါသေး
မတွေ့တာက
အိမ်သော့ ။

ပင့်သက်တရှိုက်နဲ့
ခေါင်းလောင်းနှိပ်
စောင့်ကြည့်တော့
တုပ်တုပ်မှ မလှုပ် ။

အချစ်ကို ဖုန်းခေါ်မိ
မက်ဆေ့ချ် ရောက်လုနီး
ဖုန်းမြည်သံအပြီး
အိပ်ချင်မူးတူးနဲ့
“ဘာလဲ” တဲ့ ။

တိုးညင်းစွာ
ပြောမိတာက
“အိမ်သော့ မေ့ကျန်ခဲ့လို့ “

မိနစ်ပေါင်းများစွာ
ချမ်းတုန်စပြုရင်း စောင့်နေချိန်
မီးရောင်
ရုတ်တရက် ပွင့်လာခဲ့။
လေးလံဖြည်းနှေးစွာနဲ့
တထစ်ချင်း ဆင်းလာတဲ့အချစ်။

တိုးတိတ်စွာ ပွင့်လာတဲ့
တခါးကို တွန်းဖွင့်ရင်း
အထုတ်လေးတွေ လက်ကဆွဲ
အိမ်ထဲကို ဝင်ခဲ့တယ် ။

အချစ်က အပေါ်ထပ်
ပြန်တက်သွားလေရဲ့
တိတ်ဆိတ်စွာနဲ့ ..
ဖိနပ်ကို ချွတ်
ကုတ်အကျီကို ချိတ်
မီးဖိုခန်းဝင်
စားစရာလေးတွေသိမ်း
မနက်ဖြန်အတွက်…

ပြီးတော့
ပုံက်ဆံ အိတ်လေးအသာကိုင်
မီးခလုတ်ကိုပိတ်
အပေါ်ထပ်ကို တထစ်ချင်း
နှေးကွေးစွာ တက်သွားတယ်
တိတ်ဆိတ်စွာနဲ့ …. ။ ။

K T M
11/15/18